## စာရေးသူ၏အမှာ

''နိုင်ငံတော်လုပ်ကြံမှုကြီး'' သည် စစ်ပြီးခေတ် မြန်မာနိုင်ငံရေးသမိုင်းတွင် အလွန်အရေးပါသော အဖြစ်အပျက်ကြီးတစ်ခုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံရေး ကံကြမ္မာကို အခြေခံမှစ၍ ပြောင်းလဲစေခဲ့သောကြောင့်ဖြစ်သည်။ အင်္ဂလိပ်နယ်ချဲ့နှင့် တိုင်းရင်းသားသစ္စာဖောက် ဂဠုန်ဦးစောတို့၏ လက်ချက်ဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အပေါင်းပါ အမျိုးသားခေါင်းဆောင်ကြီးများ ကျဆုံးသွားသည်မှ အစပြု၍ အမျိုးသားညီညွတ်ရေးကြီးသည် တစ်စတစ်စ ပြိုကွဲပျက်စီးခဲ့သည်။ လွတ်လပ်ရေးရရှိခဲ့ပြီးနောက် သုံးလအကြာတွင်မူ အမျိုးသားလက်နက်ကိုင်ပဋိပက္ခများ ကျယ်ပြန့်နက်ရှိုင်းသော အတိုင်းအတာဖြင့် ဖြစ်ပွားခဲ့ရာ ယနေ့အနှစ်ငါးဆယ်တိုင်ပြီးဖြစ်သော်လည်း လုံးလုံးလျားလျားအဆုံးမသတ်နိုင်သေး။ အသက်ပေါင်း ထောင် သောင်းမက သေဆုံးခဲ့ကြရပြီး အမျိုးသားစနပစ္စည်းများ ကုဋေကုဋာချီပြီး ပျက်စီးဆုံးရှုံးခဲ့ကြရသည်။ ယင်းသည် မြန်မာနိုင်ငံကို နှစ်ပေါင်း ငါးဆယ်ကျော် လိုက်စားခဲ့သော နိုင်ငံရေးကင်ဆာရောဂါကြီးပင်ဖြစ်သည်။ အလွန်ခါးသီးသော သင်ခန်းစာလည်းဖြစ်သည်။

ယင်း ''နိုင်ငံတော်လုပ်ကြံမှုကြီး'' ကို စာရေးသူ နိုင်ငံရေးသမား ပေါက်စဘဝမှပင် စိတ်ဝင်စားခဲ့သည်။ ထိုစဉ်က နိုင်ငံခေါင်းဆောင်ကြီးများနှင့် သိကျွမ်းရင်းနှီးခဲ့သဖြင့် အတွင်းရေးသတင်းများမှစ၍ အတော်အတန်သိရှိခဲ့ရသည်။ ထို့ပြင် ပြည်တွင်းမှ ဒေါက်တာ



မောင်မောင် ရေးသားပြုစုခဲ့သည့် ''နိုင်ငံတော်လုပ်ကြံမှု'' စာအုပ်၊ ပြည်ပအင်္ဂလန်၊ အမေရိကန်ပြည်ထောင်စုနှင့် ဂျာမနီ စသော အနောက်နိုင်ငံများမှ ပုဂ္ဂိုလ်အသီးသီးရေးသားကြသော ဆောင်းပါးများကိုလည်း စာရေးသူဖတ်ရှုလေ့လာခဲ့ရသည်။ လမ်းစဉ်ပါတီခေတ်က သုတေသနဌာနတွင် အထက်တန်းသုတေသနအရာရှိတာဝန်ကို နှစ်ပေါင်းနှစ်ဆယ်ကျော် တာဝန်ထမ်းဆောင်ခဲ့ရသဖြင့် အလွန်ပြည့်စုံသော စာကြည့်တိုက်ကို လက်လှမ်းမီခဲ့သည်။ သို့တိုင်အောင် စာရေးသူသည် ''နိုင်ငံတော်လုပ်ကြံမှုကြီး'' အကြောင်းကို ပြည့်ပြည့်စုံစုံ မသိခဲ့ရ။ တစ်စိတ်တစ်ပိုင်းသာ သိခဲ့ရသည်။ ၁၉၈၈ ခုနှစ်တွင် သက်ပြည့် အငြိမ်းစားယူခဲ့ပြီးသည့်နောက် မည်သည့်နိုင်ငံရေးအဖွဲ့အစည်းကိုမှ မဝင်ဘဲနေခဲ့သည်။ ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလတွင် ဆိုရှယ်လစ်ပါတီ ရဲဘော်ဟောင်းကြီး သခင်အောင်ဖေ (မိုးဂျာနယ်) အိမ်ရောက်လာပြီး ဆောင်းပါးများရေးဖို့ ပြောသဖြင့် စာပေနယ်သို့ ပြန်လည်ခြေချခဲ့သည်။ ထိုစဉ်အတွင်း ဗိုလ်မှူးချုပ်မောင်မောင် (အငြိမ်းစား) ရေးသားပြုစုခဲ့သော Burmese Nationalist Movement 1940-1948 စာအုပ်ကို ဗိုလ်တထောင်သတင်းစာ အယ်ဒီတာချုပ်ဟောင်း ဗိုလ်ထိန်လင်းထံမှ ငှားရမ်းဖတ်ရှုခဲ့သည်။

ယင်းစာအုပ်က ''နိုင်ငံတော်လုပ်ကြံမှုကြီး'' တွင် စာရေးသူတို့ ယခင်က ပြည့်ပြည့်စုံစုံ မသိခဲ့သည့် အင်္ဂလိပ်စစ်တပ်တစ်ခုလုံး၏ အဓိကပါဝင်ပတ်သက်မှုကဏ္ဍကို ပြည့်ပြည့်စုံစုံသိရှိအောင် မီးမောင်းထိုးပြခဲ့သည်။ ထိုအခါ အင်္ဂလိပ်နယ်ချဲ့တို့ကို ဆန့်ကျင်တိုက်ခိုက်ခဲ့ပြီး လွတ်လပ်ရေး အရယူခဲ့သည့် နောက်ဆုံးအဆင့်ကြိုးပမ်းမှုတွင် ခေါင်းဆောင်ကြီးများနှင့် ရင်းနှီးစွာ လက်တွဲပူးပေါင်းပါဝင်ခဲ့သူတစ်ဦးအနေဖြင့် နယ်ချဲ့အင်္ဂလိပ်တို့လုပ်ရပ်အပေါ် များစွာနာကျည်းခံပြင်းခြင်းဖြစ်ခဲ့မိသည်။ ထိုစဉ်က လုပ်ကြံမှုကြီးနှင့်ပတ်သက်သော ဖြစ်စဉ် ဖြစ်ရပ်များကို နားပူနားဆာလုပ်ပြီး အကြိမ်ကြိမ်မေးမြန်းခဲ့သော်လည်း လူကြီးများက သိသလောက်မပြောဘဲ ထိန်ချန် ဖုံးကွယ်ထားကြသည်။ အချုပ်အချာ



အာဏာ လွှဲပြောင်းရယူမှု ချောမောပြေပြစ်ရေးအတွက် မပြောကြခြင်းဖြစ်သည်။ ယင်းအတွက် စာရေးသူ ဒေါသဖြစ်မိခဲ့သည်။ အချုပ်အချာအာဏာလွှဲပြောင်းရယူရေးအတွက် အနှောက်အယှက်ဖြစ်မည်စိုး၍ ဖုံးဖုံးဖိဖိလုပ်ခဲ့ကြသည်ကို မြန်မာများ၏ပျော့ကွက်ဟု အင်္ဂလိပ်စစ်တပ်က မှတ်ယူခဲ့သည်ကိုလည်း ခံပြင်းမဆုံးဖြစ်မိခဲ့သည်။

ယင်းခံပြင်းနာကျည်းချက်ဖြင့် ''နိုင်ငံတော်လုပ်ကြံမှုကြီး'' တွင် အင်္ဂလိပ်စစ်တပ်၏ အစအဆုံး ပါဝင်ပတ်သက်မှုကို စာရေးသူ ထုတ်ဖော်ရေးသားလိုက်ခြင်းဖြစ်သည်။ ယင်းသို့ ထုတ်ဖော်ရေးသားပြီး ပြည်သူကို အသိပေးနိုင်ခဲ့သဖြင့် ဝင်စတန် ချာချီအမှူးရှိသော အပေါင်းအပါနယ်ချဲ့ ဝါဒီလက်ဟောင်းများနှင့် နယ်ချဲ့အင်္ဂလိပ်စစ်တပ်ကို လက်စားချေတုံ့ပြန် တိုက်ခိုက်ရာရောက်သည်ဟု စာရေးသူ ယူဆသည်။ နှစ်ပေါင်း ငါးဆယ်ကျော်ကြာမှ လက်စားချေတုံ့ပြန်တိုက်ခိုက်ရခြင်းဖြစ်၍ ကျေနပ်အားရခြင်း မရှိသော်လည်း မတိုက်ရဘဲ သည်အတိုင်း လွှတ်ထားပေးရသည်နှင့်စာလျှင် တော်သေးသည်ဟု မိမိကိုယ်ကို နှစ်သိမ့်ရပါသည်။ ယခု စာအုပ်အဖြစ် ထုတ်ဝေသောအခါ နှစ်ထောင်းအားရဖြစ်ရပါသည်။ မည်သူမှ မရေးသားဖူးသေးသော စာအုပ်လည်းဖြစ်ပါသည်။

Burmese Nationalist Movement 1940-1948 ကို ရေးသားပြုစုပြီး ပြည်သူကို အလင်းရောင်ပေးခဲ့သည့် ဗိုလ်မှူးချုပ် (အငြိမ်းစား) မောင်မောင်ကို ကျေးဇူးဥပကာရတင်ရှိပြီး စာရေးသူရေးသားပြုစုသည့် ''ကိုယ်တွေ့သိခဲ့ရသမျှ နိုင်ငံတော်လုပ်ကြံမှုကြီး'' ဆောင်းပါးများကို အခန်းဆက်ထည့်သွင်းဖော်ပြပေးခဲ့သည့် မိုးဂျာနယ်ကိုလည်း ကျေးဇူးအထူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

*ကိုသန်း (ကြည့်မြင်တိုင်)*